**JUSTICE FOR MYANMAR**

## ပူးတွဲမီဒီယာထုတ်ပြန်ချက် - အရေးယူဒဏ်ခတ်ထားသည့် မြန်မာစစ်တပ်၏ စီးပွားဖက် Adani Ports စီးပွားရေး လုပ်ငန်းလိုင်စင်ကို ငြင်းပယ်ရန် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနအား တောင်းဆို

*၂၀၂၁ ခုနှစ်၊ ဩဂုတ်လ၊ ၁၂ ရက်* - Adani Ports & SEZ Ltd သည် မြန်မာစစ်တပ်ပိုင် စီးပွားရေး လုပ်ငန်းစုကြီးတစ်ခုဖြစ်သည့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (**MEC**) နှင့် ဘီအိုတီ (တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်း) သဘောတူညီမှုအရ လက်ရှိတည်ဆောက်လျက်ရှိသည့် ၎င်းတို့၏ ကွန်တိန်နာ ဆိပ်ကမ်းအတွက် အထွေထွေလိုင်စင်တစ်ရပ်ကို ချထားပေးရန် အမေရိကန်ပြည်ထောင်စု၊ ဘဏ္ဍာရေး ဝန်ကြီးဌာန၏ နိုင်ငံခြားပိုင်ဆိုင်မှုထိန်းချုပ်ရေးရုံး (**OFAC**) သို့ တောင်းဆိုထားသည်။ MEC သည် အမေရိကန်ပြည်ထောင်စုမှ အရေးယူဒဏ်ခတ်ထားသည့် အဖွဲ့အစည်း တစ်ရပ် ဖြစ်သည်။

Adani Ports ကုမ္ပဏီက ၎င်းတို့၏ ၂၀၂၁ ဘဏ္ဍာနှစ် ပထမသုံးလပတ်အစီရင်ခံစာတွင် "APSEZ အနေဖြင့် OFAC က ထုတ်ပြန်ထားသည့် မည်သည့်အရေးယူဒဏ်ခတ်မှုစည်းမျဉ်းကိုမျှ ချိုးဖောက်ခြင်းမရှိဟု ယုံကြည်သည့်အတွက်ကြောင့် ဆိပ်ကမ်းလည်ပတ်လုပ်ဆောင်နိုင်ရန် အထွေ ထွေလိုင်စင်တစ်ရပ်ကို OFAC သို့ လျှောက်ထားခဲ့ခြင်းဖြစ်သည်" ဟု ဖော်ပြထားသည်။

ထိုအချက်ကို တုန့်ပြန်သည့်အနေဖြင့် Australian Centre for International Justice (ACIJ) နှင့် Justice For Myanmar တို့သည် OFAC သို့ ယခုရက်သတ္တပတ်အတွင်း စာရေးသားပေးပို့ခဲ့ပြီး အဆို ပါစာတွင် Adani Ports သည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ် မှုများ ပါဝင်သည့် စစ်ဆင်ရေးများဆောင်ရွက်နိုင်ရန် စစ်တပ်သို့ ငွေကြေးထောက်ပံ့နေသည့် စစ်တပ် စီးပွားရေးလုပ်ငန်းစုတစ်ရပ်ဖြစ်သော MEC နှင့် စီးပွားရေးဆိုင်ရာဆက်နွယ်မှုများ ဆက်လက်ရှိနေသည့်အတွက် ကုမ္ပဏီ၏ အထွေထွေလိုင်စင်တစ်ရပ် လျှောက်ထားမှုကို ငြင်းပယ်သွားရန် တောင်းဆိုခဲ့သည်။ Adani Ports သည် ကွန်တိန်နာဆိပ်ကမ်း ငှါးရမ်းခပေးခြင်းအပြင် ငှါးရမ်းကာလပြည့်သည့်အခါ မြန်မာစစ်တပ်ပိုင်အဖြစ် လွှဲအပ်မည်ဖြစ်သည်။

JUSTICE FOR MYANMAR

၂၀၂၁ ခုနှစ် မတ်လတွင် အမေရိကန်အစိုးရက MEC အပါအဝင် မြန်မာစစ်တပ်၏ စီးပွားရေးလုပ်ငန်း စုနှစ်ခုအား အရေးယူဒဏ်ခတ်မှု စတင်ချမှတ်ခဲ့သည်။ Adani Ports ကုမ္ပဏီ၏ MEC နှင့် စီးပွားရေး ဆိုင်ရာတိုက်ရိုက်ဆက်နွယ်မှုများသည် နိုင်ငံတကာဥပဒေအရ ကြီးလေးသည့် ရာဇဝတ်မှုမြောက်သော မြန်မာစစ်တပ်၏ ကမ်းကုန်အောင်ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ကြံရာပါနေသလားဟု မဖြစ်မနေ မေးခွန်းထုတ်ရမည်ဖြစ်သည်။

ACIJ နှင့် Justice For Myanmar တို့အနေဖြင့် Adani Ports ကုမ္ပဏီ၏ ရှယ်ယာရှင်များအား ကုမ္ပဏီ မှ ရင်းနှီးမြှုပ်နှံမှုများ ရုပ်သိမ်းပါရန် ထပ်မံတောင်းဆိုပါသည်။ Adani Ports ကုမ္ပဏီ၏ MEC နှင့် တိုက်ရိုက်စီးပွါးရေးလုပ်ဆောင်မှုကြောင့် ရှယ်ယာရှင်များသည် ကြီးမားသည့် ဥပဒေပိုင်းဆိုင်ရာ နှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ အန္တရာယ်များရှိနေကြသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** *"Adani Ports အနေနဲ့ တရားမဝင်စစ်အာဏာသိမ်းမှုနောက်ပိုင်း ပြည်သူ ၉၆၀ ကျော်ကို သတ်ဖြတ်ပြီး အကြမ်းဖက် စစ်ဆင်ရေးကို ကျူးလွန်နေတဲ့ မြန်မာစစ်တပ်ကို ငွေကြေးထောက်ပံ့သည့်ကုမ္ပဏီဖြစ်တဲ့ MEC အတွက် ရန်ကုန်မြို့မှာ ဆိပ်ကမ်းတစ်ခုတည်ဆောက်ပေးဖို့ ဆက်လက်လုပ်ဆောင်နေတာက စက်ဆုပ်ရွံ့ရှာဖွယ် ဖြစ်ပါတယ်။အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ Adani Ports ကုမ္ပဏီနဲ့ ပတ်သက်ပြီး ခိုင်မာတဲ့ ရပ်တည်မှုတစ်ရပ် ထားရှိသင့်ပြီး မြန်မာစစ်တပ်ဆီ အခွန်ငွေစီးဆင်းမှုကို ရပ်တန့်ဖို့ စီစဉ်ဆောင်ရွက်မှုတွေကို မြှင့်တင်သင့်ပါတယ်။ စစ်ရာဇဝတ်ကောင်တွေနဲ့ စီးပွါးရေးလုပ်ငန်းလုပ်နေတဲ့ အပြစ်ကို ဖုံးဖိဖာထေးဖို့ Adani Ports ကို လိုင်စင်မပေးပါနဲ့"* ဟု ပြောကြားခဲ့သည်။

**Australian Centre for International Justice ၏ အမှုဆောင်ဒါရိုက်တာ Rawan Arraf က** *"အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ Adani Ports ကို MEC နဲ့ စီးပွားရေး ဆက်လက်လုပ်ဆောင်ခွင့် လိုင်စင်မပေးပဲ ငြင်းဆန်ဖို့ ကျွန်ုပ်တို့ တောင်းဆိုပါတယ်။ Adani Ports အနေနဲ့*

JUSTICE FOR MYANMAR

*MEC အနာဂတ်အတွက် အကျိုးအမြတ်ကြီးတဲ့ ပိုင်ဆိုင်မှုတစ်ရပ်ကို ဖန်တီးပေးနေတာ ဖြစ်တဲ့အတွက် အမေရိကန်ပြည်ထောင်စုက အရေးယူဒဏ်ခတ်ထားတဲ့ အဖွဲ့အစည်းတစ်ရပ်ဆီ Adani Ports ကုမ္ပဏီက အရေးကြီးတဲ့အထောက်အပံ့များ ပေးအပ်နေတဲ့အပေါ် လေးလေးနက်နက် စိုးရိမ်ပူပန်သင့်ပါတယ်။ Adani Ports ဟာ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သည့် နိုင်ငံတကာအချက်အလက် ရှာဖွေရေးမစ်ရှင်က အကြံပြုတောင်းဆိုထားတဲ့မြန်မာစစ်တပ်နဲ့ လုပ်ဆောင်နေတဲ့ စီးပွားရေးလုပ်ငန်းများကို ပြန်လည်ရုပ်သိမ်းဖို့ တလျောက်လုံး ပျက်ကွက်နေခဲ့ပါတယ်၊ Adani Ports အနေနဲ့ လူ့အခွင့်အရေးများကို လေးစားလိုက်နာဖို့ တာဝန်ရှိပါတယ်”* ဟု ပြောကြားခဲ့သည်။

**အယ်ဒီတာများသို့မှတ်ချက်**

၂၀၂၁ ခုနှစ် မတ်လ ၃၀ ရက်က ထုတ်ပြန်ခဲ့သည့် ကျွန်ုပ်တို့၏ အစီရင်ခံစာ *Port of Complicity: Adani Ports in Myanmar* တွင် မြန်မာစစ်တပ်နှင့် Adani Ports ၏ ဆက်နွယ်မှုအသေးစိတ် အချက်အလက်များ၊ မြန်မာနိုင်ငံရှိ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းမှတဆင့် နိုင်ငံတကာဥပဒေ ချိုးဖောက်မှုများတွင် ကြံရာပါပါဝင်ပတ်သက်နေကြောင်း စွပ်စွဲချက်များကို တုန့်ပြန်ရန် အကြိမ်ကြိမ် ပျက်ကွက်ခဲ့ကြောင်း ခိုင်လုံသည့် အထောက်အထားများ ဖော်ပြထားသည်။

Adani Ports အနေဖြင့် MEC နှင့် ၎င်းတို့၏ စီးပွါးရေးဆက်နွယ်မှုများအပေါ် လှည့်စားသည့် ထုတ်ပြန်ချက်များကို ဆက်လက်ထုတ်ပြန်လျက်ရှိသည်။ သတင်းထုတ်ပြန်ချက်ကို ယခုနေရာတွင် ကြည့်ရှုပါ။

၂၀၂၁ ခုနှစ် ဧပြီလတွင် Adani Ports ကုမ္ပဏီအား မြန်မာစစ်တပ်နှင့် ဩစတြေးလျ၏ Carmichael ကျောက်မီးသွေးစီမံကိန်းများတွင် ၎င်းတို့၏ ဆက်နွယ်မှုများကြောင့် Dow Jones Sustainability Index မှ ဖယ်ရှားခဲ့သည်။ သတင်းထုတ်ပြန်ချက်ကို ယခုနေရာတွင် ကြည့်ရှုပါ။

JUSTICE FOR MYANMAR

မြန်မာစစ်တပ်နှင့် သြစတေးလျ၏ Carmichael ကျောက်မီးသွေးစီမံကိန်းများတွင် ၎င်းတို့၏ ဆက်နွယ်မှုများ၏ အကျိုးဆက်ကြောင့် SEB, Nordea နှင့် DNB အပါအဝင် ရင်းနှီးမြှုပ်နှံသူ အဖွဲ့အစည်း အချို့က Adani Ports ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှုများ ရုပ်သိမ်းကြောင်း ကြေညာခဲ့ပြီး ဖြစ်သည်။

**ထပ်မံသိရှိလိုပါက -**


Australian Centre for International Justice: Rawan Arraf: +61 450 708 870

Justice For Myanmar: media@justiceformyanmar.org